# ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့၌ အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့သည့် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်း ဖြစ်သည် -

- Project Level Reporting လုပ်ငန်းစဉ်အတွက် Step -3 အား ဆွေးနွေးရန်
- Final Commodity Trading Report အား သုံးသပ်ဆွေးနွေးရန်
- Quasi-fiscal Expenditure Study Consultant အတွက် အင်တာဗျူးရက်အား သတ်မှတ်ဆွေးနွေးရန်
- Systematic Disclosure Feasibility Study Consultant ရွေးချယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရန်

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၃) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကဏ္ဍကိုယ် စားလှယ် (၂) ဦး၊ ဖိတ်ကြားထားသည့်ဌာနတာဝန်ရှိသူ (၁၁) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ (၄) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ EITI ဌာနခွဲ (MOBD) မှ (၈) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (၄) ဦး၊ ကျား - ၁၉ ဦး၊ မ- ၁၆ ဦး၊ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၃။ Project Level Reporting လုပ်ငန်းစဉ်အတွက် Step -3 အား ဆွေးနွေးခြင်း

(၁) Project Level Reporting နှင့်စပ်လျဥ်း၍ နည်းပညာညှိနှိုင်းရေးမှူး ဦးနေမင်းမောင်က တင်ပြရာ၌ အဆင့် (၄) ဆင့်ရှိရာ၌ ယနေ့တွင် အဆင့် (၃) ဖြစ်သည့် မည်သူက မည်သူ့ကို မည်ကဲ့သို့ အစီရင်ခံမည်ကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ အဆိုပါအဆင့်အား မဆွေးနွေးပြီး ပြီးခဲ့သည့် အပတ်များအတွင်း ဆွေးနွေးခဲ့ရာ၌ အဆင့် (၁) Project" ၏ အနက် အဓိပ္ပါယ်အောက်တွင် ဥပဒေဆိုင်ရာ သဘော တူညီချက်များအား ခွဲခြားဖော်ထုတ်ခြင်း အတွက် Project အဓိပ္ပာယ်အား သတ်မှတ်နိုင်ခဲ့ပြီး MSG ၏ အတည်ပြုချက်လည်း ရရှိပြီးဖြစ်ကြောင်း၊

(၂) အဆင့် (၂) မည်သို့သော Revenue Streams မျိုးသည် သက်ဆိုင်ရာ Project အောက်တွင် အစီရင်ခံသင့်ကြောင်း ခွဲခြားဖော်ထုတ်ခြင်း အတွက်လည်း ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့်အစည်းအဝေး၌ သစ်တောကဏ္ဍအား ထည့်သွင်းဆွေးနွေးစဉ်တွင် ကိုယ်စားလှယ်များ၏ အကြံပြုချက်အရာ မြန်မာဆိပ်ကမ်းအာဏာပိုင်မှ ကောက်ခံသည့် Revenue Stream များအား ထည့်သွင်း စဉ်းစားထားကြောင်း၊ မြန်မာနိုင်ငံ၌ Project level အလိုက် revenue stream အမျိုးအစား (၂၇) ခု၊ ကုမ္ပဏီအလိုက်တင်ပြနိုင်သည်မှာ revenue stream အမျိုးအစား (၃၈) ခု ရှိသည်ဟု ဆွေးနွေး သိရှိရကြောင်း၊ ယခင်အစည်းအဝေးတွင် မတင်ပြခဲ့ဘဲ ယခုအစည်းအဝေးတွင် ထည့်သွင်းပါဝင်လာခဲ့ သည်များမှာ သစ်တောကဏ္ဍနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ ကုမ္ပဏီအလိုက် ပေးနိုင်သည့် အတွက် Import Duty အား ယခင်အစည်းအဝေးဆုံးဖြတ်ချက်အရ ထည့်ထားခြင်း ရှိကြောင်း၊ Forest Conservation Project Fund အား ကုမ္ပဏီအလိုက်ပေးနိုင်သဖြင့်ထည့်ထားကြောင်း၊ Royalty ကိုလည်း သစ်တောဦးစီးဌာနသို့ ပေးသွင်းရခြင်း ရှိသဖြင့် ထည့်ထားကြောင်း၊ Land Rental Fee နှင့် IRD က ကောက်ခံသည့် Income Tax ၊ Commercial Tax နှင့် Specific Good Tax တို့ပါဝင်ကြောင်း၊ ပြီးခဲ့သည့် အစီရင်ခံစာပြုစုသည့် IA ၏ အကြံပြုချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှကောက်ခံသည့် Land Use Premium ၊ Land Lease နှင့် မြေငှားရမ်းခအပေါ်တွင်ကောက်သည့် Commercial Tax 5% ရှိကြောင်း၊ စသဖြင့် Revenue stream (၃) ခု ထပ်မံတိုးမြင့်ထားကြောင်း၊ စုစုပေါင်းအနေဖြင့် စီမံကိန်းအလိုက် ၂၇ ခု နှင့် ကုမ္ပဏီအလိုက် (၃၈) ခု ရှိကြောင်း စသဖြင့် တင်ပြခဲ့သည်။ ထို့နောက် ကဏ္ဍစုံကိုယ်စားလှယ်များက သဘောထားမှတ်ချက်မရှိကြောင်း ဆွေးနွေးခဲ့သည်။

(၃) ဆက်လက်၍ အဆင့် (၃) အနေဖြင့် မည်သူက မည်သည်ကို အစီရင်ခံသင့်ကြောင်း ခွဲခြားဖော်ထုတ်ရန် ဖြစ်ကြောင်း၊ Project တစ်ခုအနေဖြင့် သို့မဟုတ် ကုမ္ပဏီအနေဖြင့် မည်သူက မည်သည်ကို အစီရင်ခံသည် သတ်မှတ် ရမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် မြန်မာနိုင်ငံ၌ အော်ပရေတာက Partner များကိုယ်စား ပေးချေရခြင်း ရှိကြောင်း၊ SOE များအနေဖြင့်လည်း 4.2 အရ Sale of State Share တွေနှင့်ပတ်သက်ပြီး စာချုပ်၊ သဘောတူညီမှု တွေအလိုက် ပေးချေမှုတွေ ရှိ၊ မရှိ နှင့် မည်သို့ခွဲခြမ်းစိတ်ဖြာ ဆောင်ရွက်နေသနည်း စသဖြင့် သတ်မှတ်ရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီများရှိရင်လည်း ကုမ္ပဏီများအနေဖြင့်လည်း မည်သို့ တင်ပြရခြင်းရှိပြီး ပရောဂျက်တစ်ခုတွင် ကုမ္ပဏီအများအပြား ပြုလုပ်နေပါက Partner များ အကြား မည်သို့ အစီရင်ခံသည်၊ SOE များအနေဖြင့် အစိုးရဌာနများအချင်းချင်း Transfer လုပ်နေကြသည်၊ ကုမ္ပဏီများအနေဖြင့် စာချုပ်တစ်ခုတည်းဖြင့် ဆောင်ရွက်နေသည်များရှိပါက မည်သို့ခွဲဝေ၍ အစီရင်ခံနေကြသည်၊ Forest Conservation Project များ၌လည်း အစိုးရအနေဖြင့် မည်သို့အစီရင်ခံဆောင်ရွက်နေကြပြီး ကုမ္ပဏီများအနေဖြင့် မည်သို့ အစီရင် ခံရခြင်း ရှိသည်ကို ခွဲခြားသတ်မှတ်ရမည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

(၄) သတ္တုကဏ္ဍာ အစိုးရကိုယ်စားလှယ်မှ ဆွေးနွေးရာ၌ မိမိတို့ဌာနအနေဖြင့် ထွေထွေထူးထူး မရှိပါကြောင်း၊ ME2 ဆိုပါက Royalty ကို ကောက်ပြီး DOM ကို လွှဲပေးရကြောင်း၊ Operator ကိုယ်စားလွှဲပေးရခြင်း မရှိကြောင်း ဆွေးနွေးခဲ့သည်။

(၅) သစ်တောကဏ္ဍာ ကိုယ်စားလှယ်မှ ဆွေးနွေးရာ၌ မိမိတို့ သစ်တောကဏ္ဍာ တွင် ပရောဂျက်မရှိကြောင်း၊ MTE အနေဖြင့် In Kind မရှိကြောင်း၊ ရသည့်ဝင်ငွေအားလုံးနှင့်စပ်လျဉ်း၍ အခွန်ငွေအနေဖြင့် သစ်တော ဦးစီးဌာနသို့ ပေးရခြင်း နှင့် Commercial Tax ၊ Specific Good Tax များကို ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ပေးရကြောင်း၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေအနေဖြင့် ငွေတိုက်ဦးစီးဌာနသို့ ပေးရခြင်းရှိကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၆) ကျောက်မျက်ကဏ္ဍာ ကိုယ်စားလှယ်တစ်ဦးကလည်း ကျောက်မျက်ကဏ္ဍာ၌ In-kind Sharing အား အစိုးရမှ ၅၀ ရာခိုင်နှုန်း နှင့် အကျိုးတူကျောက်ပိုင်ရှင်မှ ၅၀ ရာခိုင်နှုန်းခွဲဝေကြောင်း၊ အရောင်းအပေါ်တွင် အခွန်အခများနှုတ်ပြီးနောက် အစိုးရမှ ၂၅ ရာခိုင်နှုန်း နှင့် ၇၅ ရာခိုင်နှုန်းသည် အကျိုးတူ ကျောက် ပိုင်ရှင်ဖြင့် ခွဲဝေကြောင်း၊ In-kind အား နှစ်တိုင်းမခွဲဝေကြောင်း ဆွေးနွေးခဲ့သည်။ ကျောက်မျက်ကဏ္ဍာ ကိုယ်စားလှယ်တစ်ဦးကလည်း ထွက်ရှိလာသည့်ကျောက်များကို နိုင်ငံတော်အတွက် သီးခြားရှားပါး သည့်ကျောက်၊ နိုင်ငံတော်အတွက် ပြတိုက်တွင် ပြသည့် ကျောက်များအား အစိုးရ ၅၀ ရာခိုင်နှုန်း နှင့် ကျောက်ပိုင်ရှင် ၅၀ ရာခိုင်နှုန်း စသဖြင့် ခွဲဝေကြောင်း၊ ကျန်သည့်ကျောက်များအား ရတနာပြပွဲတွင် တင်ပြရောင်းချပြီးမှ အစိုးရမှ ၂၅ ရာခိုင်နှုန်း နှင့် ကျောက်ပိုင်ရှင်မှ ၇၅ ရာခိုင်နှုန်းဖြင့် ခွဲဝေရယူ ဆောင်ရွက်ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်းတွင် ခွဲဝေခြင်းမရှိပါကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၇) ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့ လုပ်ငန်းရှင်များ အတွက် အထွေထွေအထူး မရှိပါကြောင်း၊ တင်ပြခဲ့သည့် Tax Revenue stream များနှင့်လည်း In line ဖြစ်ပါကြောင်း၊ အစိုးရကိုပေးရသည့် Royalty ၊ Profit Sharing တို့အားလုံးသည် ပရောဂျက် တစ်ခုလုံး အတွက် ထည့်ပေးထားခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

(၈) မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှတာဝန်ရှိသူကဆွေးနွေးရာ၌ မိမိတို့ဌာနအနေဖြင့် အစိုးရဌာနတစ်ခုဖြစ်သည့်အတွက် အစိုးရ၏ဘတ်ဂျက်အတိုင်းသာ သုံးရကြောင်း၊ ရငွေများအား စီမံခန့်ခွဲမှုများအား MOPFI က ဆွေးနွေးရင် ပိုသင့်တော်ပါကြောင်း၊ Enterprise အဆင့်ဖြစ်သည့်အတွက် အစိုးရမှ ချပေးသည့်ဘတ်ဂျက်အတိုင်းသာသုံးစွဲရခြင်း ရှိပါကြောင်း၊ Participate လုပ်မည့် ရှယ်ယာ ဆိုပါက အစိုးရခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရကြောင်း၊ Template တွင်လည်းဖြည့်ထားပြီးဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၉) နည်းပညာညှိနှိုင်းရေးမှူးကလည်း MOGE အနေဖြင့် အော်ပရေတာများ ကိုယ်စား ပေးချေရခြင်းများရှိသည်ဟု သိထားကြောင်း၊ SOE အနေဖြင့် လုပ်ကိုင်နေသည့် စီမံကိန်းများတွင် မည်သည့် အခန်းကဏ္ဍမှ ပါဝင်၍ မည်ကဲ့သို့သော ပေးချေမှုများရှိသည်ကို ဆွေးနွေးပေးစေချင်ကြောင်းလည်း ဖြည့်စွက်ဆွေးနွေးခဲ့ သည်။

(၁၀) Royalty နှင့်ပတ်သက်ပြီး ရငွေများကို OGPD ကို လွှဲပေးရကြောင်း၊ အဆိုပါလွှဲပေးမှုသည်လည်း OA ကိစ္စဖြစ်ပြီးနောက်ပိုင်း ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ OGPD ကို တစ်ဆင့်လွှဲရခြင်းရှိကြောင်း၊ ကျန်သည့်အပိုင်းများတွင် ရငွေများအပေါ်တွင် ဝင်ငွေခွန် ၂၅ ရာခိုင်နှုန်းဆောင်ခြင်း၊ ယခင်က OA ရှိကြောင်း၊ ယခုဆိုပါက ၁၀၀ ရာခိုင်နှုန်းအကုန်ပြန်ထည့်ဝင်ရခြင်းရှိကြောင်း၊ အစိုးရဘတ်ဂျက်အတိုင်း နှစ်အလိုက် နိုင်ငံတော်၏ လိုအပ်ချက်အရ ထည့်ရကြောင်း၊ Sale of state share ၊ In-kind တို့နှင့် စပ်လျဉ်း၍ ကုမ္ပဏီများနှင့် စာချုပ်များရှိသဖြင့် မည်သို့ ရောင်းချခြင်း၊ ပေးချေခြင်းများ ရှိသည်ကို နှင့်ပတ်သက်ပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သဖြင့် OGPD ဘက်က ဖြေကြားမည်ဆိုပါက သင့်တော်မည် ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Revenues Stream တွေနှင့်ပတ်သက်ပြီး ဌာနများအနေဖြင့် အဆင်ပြေပါက ကိစ္စမရှိကြောင်းလည်း သဘောထား ပေးခဲ့သည်။

(၁၁) နည်းပညာညှိနှိုင်းရေးမှူးကလည်း Revenue အမျိုးအစားများအား အတည်ပြုထားမှုများ ရှိကြောင်း၊ ဆက်လက်၍ Project Level Reporting အဆင့်များအရ Reporting framework များနှင့် Template များအပေါ်တွင် အတည်ပြုခြင်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း တင်ပြခဲ့သည်။

## ၄။ Final Commodity Trading Report အား သုံးသပ်ဆွေးနွေးနိုင်ရန် တင်ပြခြင်း

(၁) နည်းပညာညှိနှိုင်းရေးမှူးက တင်ပြရာ၌ EITI standard 4.2 တွင် state share of production သို့မဟုတ် in kind ဖြင့်ကောက်ယူရရှိသော အခြားဘဏ္ဍာငွေများသည် Material ဖြစ်ပါက SOE များအပါအဝင် အစိုးရဌာနများသည် ရရှိသည့်ပမာဏများ၊ ရောင်းချသည့်ပမာဏများ၊ အရောင်းမှ ရရှိသည့် ဘဏ္ဍာငွေများ၊ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ဓါတ်သတ္တုအရောင်းများမှ ရပြီး အစိုးရသို့ လွှဲလိုက်သည့်ဘဏ္ဍာငွေများအား ထုတ်ပြန်ရန်လိုအပ်သည်ဟု ဖော်ပြထားကြောင်း၊ ဖြစ်နိုင်ပါက In cash သို့မဟုတ် In-kind ပေးချေမှုများနှင့်ပတ်သက်သည့် သဘောတူစာချုပ်များ၊ သယံဇာတနှင့်ဆက်စပ်သည့် ချေငွေများဆိုင်ရာ ပေးချေမှုများ ပါဝင်သင့်ကြောင်း ဖော်ပြထားကြောင်း၊ ကုမ္ပဏီအလိုက်ဝယ်သည့် ဒေတာများ နှင့် Revenue streams နှင့်အခြားပေးချေမှုများအား အစီရင်ခံသည့်အဆင့်အလိုက်

အသေးစိတ်ထုတ်ပြန်ရမည်ဟု ဖော်ပြထားကြောင်း၊ individual sale ၊ ကုန်ပစ္စည်း အမျိုးအစားနှင့် ဈေးနှုန်းအလိုက် ထုတ်ပြန်မှုများအား ထည့်သွင်းစဉ်းစားသင့်ပြီး MSG အနေဖြင့် ဝယ်ယူသည့် ကုမ္ပဏီများနှင့် Consultations များ ပြုလုပ်သင့်ကြောင်း ဖော်ပြထားကြောင်း၊ ထုတ်ပြန်မှုများတွင် ရောင်းသည့်ထုတ်ကုန်၏ပိုင်ရှင်နှင့် စာချုပ်၏ သဘောသဘာဝများအား ထုတ်ပြန်ပါရှိရမည်ဟု ဖော်ပြထားကြောင်း၊ Buying company များ ရွေးချယ်သည့်လုပ်ငန်းစဉ်ကိုလည်း ဖွင့်ဟရန် တိုက်တွန်းထားကြောင်း၊ ရွေးချယ်သည့်နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာနည်းလမ်း၊ ကုမ္ပဏီစာရင်းများ၊ ဥပဒေနှင့် မူဘောင်ဆိုင်ရာသတ်မှတ်ချက်များနှင့် အရောင်းဆိုင်ရာသဘောတူညီမှုများ စသည်ဆို့အား ဖွင့်ဟရန် တိုက်တွန်းထားကြောင်း၊ ဒေတာစိတ်ချရမှုနှင့်လက်တွေ့ဖြစ်နိုင်ချေများကိုလည်း MSG အနေဖြင့် ကွာဟချက်များ၊ ပုံမှန်မဟုတ်သည့်ကိစ္စရပ်များအား သတင်းအချက်အလက်တွင် ဖော်ပြနိုင်ရန် ဆောင်ရွက်၍ အားစိုက်ထုတ်မှု ပြုရန်လည်း စံနှုန်းတွင် ဖော်ပြထားကြောင်း၊

(၂) Limitation နှင့်ပတ်သက်၍ MOGE နှင့် Entities တွေအကြား အရောင်းဆိုင်ရာ သဘောတူညီမှု စာချုပ်နှင့်ပတ်သက်၍ အသေးစိတ်မရရှိထားဟု IA က ဆိုထားကြောင်း၊ Model Contract သာ ရရှိသည်ဟု သိရကြောင်း၊ နောက်တစ်ချက်အနေဖြင့် Buyers selection criteria နှင့်ပတ်သက်ပြီး Buyer များထံ ခွဲဝေသည့် လုပ်ငန်းစဉ်အသေးစိတ်၊ ဆုံးဖြတ် ချက်ချသည့်လုပ်ငန်းစဉ် အသေးစိတ်မသိရဘဲ ယေဘုယျအခြေအနေသာ ဖော်ပြထားသည်ဟု သိရကြောင်း၊ ထို့အပြင် Pricing methodology တွင် ယေဘုယျပေးထားသော်လည်း အသေးစိတ်မပေးကြောင်း၊ OGPD ၏ မှတ်ချက်အရ ရေနံနှင့်လေဆီ ဈေးနှုန်းများအား Brent Price စံဈေးနှုန်းအား အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ဌာနအနေဖြင့် ရက်စွဲ သုံးခု၏ ဈေးနှုန်းအား သတ်မှတ်ထားပြီး စာချုပ်ပါ သဘောတူညီမှုအရ ဈေးနှုန်းသတ်မှတ်ကြောင်း မှတ်ချက်ပေးထားကြောင်း၊ ဓါတ်ငွေ့ဈေးနှုန်းနှင့်ပတ်သက်၍လည်း EGSA ပြည်ပဓါတ်ငွေ့အရောင်းမှာ အသုံးပြုသည့်ဖော်မျူလာနှင့်တွက်ချက်သတ်မှတ်ပြီး စီမံကိန်းအလိုက် အခြေခံတွက်ချက်သည်ဟု မှတ်ချက်ပြုထားကြောင်း၊ နောက် Limitation အချက်တစ်ခုအနေဖြင့် Downstream sector နှင့်ပတ်သက်သည့် ဥပဒေလိုအပ်ချက်ဖြစ်ပြီး IA အနေဖြင့် ဥပဒေမူကြမ်း Petroleum and Petroleum draft ကဲ့သို့သော အထောက်အထားမရရှိရကြောင်း၊ ၁၉၃၇ Oil and Gas Product Rules အား ပြင်ဆင်ရန် အဆိုပြုထားကြောင်း စသဖြင့် တင်ပြခဲ့သည်။ ထို့နောက် Reconciliation ဒေတာအနှစ်ချုပ်နှင့် Revenue ဒေတာများအား ဆက်လက်တင်ပြခဲ့သည်။

(၃) အကြံပြုတိုက်တွန်းချက် (၇) ချက်အနေဖြင့် Domestic Market Obligation (DMO) ရာခိုင်နှုန်းများအား ပြန်လည်သုံးသပ်ရန်၊ MOGE ဒေတာများနှင့် OA စာရင်းများအား တိုက်ဆိုင်စစ်ဆေးရန်၊ အသေးစိတ်ဒေတာစာရင်းများ၏ စိတ်ချယုံကြည်မှုနှင့် Reporting Template များအား entity 115 ခုအနက် (၈၃) ခုကသာ တင်ပြခဲ့သည့်အတွက် Data Reliability အရ

ထောက်ပြထားကြောင်း၊ နောက် အချက်တစ်ခုအနေဖြင့် Commodity trading လုပ်ငန်းစဉ်တွင် BO Disclosure အား မြန်မာနိုင်ငံ ၌ Mandatory အနေဖြင့် ထည့်သွင်းရန် အကြံပြုထားကြောင်း၊ နောက်အချက်အနေဖြင့် EITI အချက်အလက်များထုတ်ပြန်ရာ၌ Systematic Disclosure Process မှာ Downstream Sector တွင် ရှိသည့်ဒေတာများကိုလည်း ထည့်သွင်းပါဝင်ရန် အကြံပြုထားကြောင်း၊ Sale Contract များနှင့် ပတ်သက်၍လည်း အများပြည်သူသို့ ထုတ်ပြန်ရန် အကြံပြုထားကြောင်း၊ အသစ်ပါလာသည့်အချက် အနေဖြင့် Sale contracts များကို Disclosure and publication ကိုအကြံပြုထားကြောင်း၊ Limitation များနှင့်ပတ်သက်၍ လာမည့်အစီရင်ခံစာတွင် ရရန်လုပ်သင့် ကြောင်း MSG အား အကြံပြုထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၄) Further information အနေဖြင့် MOGE က ပြန်ရှင်းထားသည့်အချက်များအား ထည့်သွင်းဖော်ပြထားကြောင်း၊ petroleum and petroleum law အရ Supervisory Committee တွင် ပါဝင်သည့်ဖွဲ့စည်းပုံစာရင်း၊ MOGE က ရသည့်ပမာဏနှင့်ရောင်းသည့်ပမာဏကွာဟချက်နှင့်ပတ်သက်၍ MOGE ၏ရှင်းလင်းချက်များ၊ အခြားလုပ်ကွက်များ၏ ထုတ်လုပ်မှုအသေးစိတ်များအား နောက်ဆုံးအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၅) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Model Contract ဆိုသည်မှာ မည်သည့်ပုံစံနှင့်စာမျက်နှာအဖုံးကဲ့သို့ နမူနာသာဖော်ပြထားခြင်းလားဆိုသည်ကို မေးမြန်းခဲ့သည်။ Model Contract ပုံစံအား ပြန်လည်တောင်းခံ၍ နောက်ဆက်တွဲတွင် ပြန်ထည့်ရန်လည်း အကြံပြုခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်များက "အစီရင်ခံစာပါ MOGE နှင့် Buyers များကြားချုပ် ဆိုထား သည့် Model Contract နှင့်ပတ်သက်၍ ရရှိသည့် ပုံစံအား IA ထံမှ ပြန်လည်တောင်းခံရန် နှင့် အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ထည့်သွင်းဖော်ပြရန်" ဆုံးဖြတ်ခဲ့သည်။

(၆) လောလောဆည် မိမိတို့ပေးထားသည့် မှတ်ချက်များအား ပြင်ဆင်ထားမှု အခြေအနေအား သိရှိလိုကြောင်း၊ Pre-final Report အပေါ် မိမိတို့ပေးထားသည့် မှတ်ချက်များနှင့်ပတ်သက်၍ ပြင်ဆင်ထားသည့်အပေါ် မူတည်၍ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်းလည်း မေးမြန်းဆွေးနွေးခဲ့သည်။

(၇) ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံရေးဦးစီးဌာနမှ တာဝန်ရှိသူက ဆွေးနွေးရာ၌ ဌာနအနေဖြင့် တတ်နိုင်သမျှ ဒေတာများ ပေးထားပြီးဖြစ်သဖြင့် ထုတ်ပြန်မှုအား ဆက်လက်ဆောင်ရွက်ရန် သဘောထားမှတ်ချက် မရှိပါကြောင်းနှင့်အဆင်ပြေပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်ဖြစ်သည့် TOTAL E&P Myanmar မှ တာဝန်ရှိသူက ဆွေးနွေးရာ၌ ၎င်းတို့ ကုမ္ပဏီ၏

ဌာနအတွင်းဆွေးနွေးပြီးမှသာ ထုတ်ပြန်မှုအား အကြောင်းပြန်နိုင်မည်ဖြစ်ကြောင်းလည်း ဆွေးနွေးခဲ့သည်။

(၈) နည်းပညာကျွမ်းကျင်သူ ဦးထွန်းပေါ်ဦးကလည်း Commodity Trading Report နှင့်စပ်လျဉ်း၍ နိုင်ငံတကာအတွင်းရေးမှူးရုံးနှင့် ဆွေးနွေးကြည့်ရာ၌ အင်ဒိုနီးရှားနိုင်ငံ၏ အစီရင်ခံစာအား Open Oil က Review ပြုလုပ်ခဲ့ခြင်းရှိကြောင်း၊ Third Party က ပြန်၍ analysis လုပ်ခြင်းမျိုးဖြစ်ကြောင်း၊ Workshop တစ်ခုကျင်းပ၍ ကျယ်ကျယ်ပြန့်ပြန့်ဖိတ်ကြားပြီး ဆောင်ရွက်ကြခြင်းရှိကြကြောင်းလည်း တင်ပြခဲ့သည်။

(၉) ထို့နောက် **"ပထမအကြိမ် Commodity Trading Report ထုတ်ပြန်မှုနှင့် ပတ်သက်၍ အစိုးရကဏ္ဍ အနေဖြင့် သက်ဆိုင်ရာ IA နှင့် Stakeholder များ အကြားဆွေးနွေးပြီးမှသာ ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ အရပ်ဘက်ကဏ္ဍအနေဖြင့် Pre-final Version အပေါ် ပြင်ဆင်ရမည့် ပေးပို့ထားသည့် မှတ်ချက်များအား မည်သည့် အတိုင်းအတာအထိ ဖြေရှင်းထားသည့်အခြေအနေအပေါ် မူတည်၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်ကဏ္ဍမှ TOTAL E&P Myanmar အနေဖြင့် ကုမ္ပဏီအတွင်း ဆွေးနွေးပြီးမှသာ အကြောင်း ပြန်မည်ဖြစ်ကြောင်း"** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

**၅။ Quasi-fiscal Expenditure Study Consultant အတွက် အင်တာဗျူးရက်အား သတ်မှတ်ဆွေးနွေးခြင်း နှင့် Systematic Disclosure Feasibility Study Consultant ရွေးချယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

(၁) နည်းပညာညှိနှိုင်းရေးမှူးက ဆွေးနွေးရာ၌ QFE Consultant နှင့်ပတ်သက်၍ နည်းပညာနှင့်အစီရင်ခံစာ မှ ကဏ္ဍအလိုက်ကိုယ်စားလှယ်များက အမှတ်ပေး၍ ရွေးချယ်ထားမှုရှိကြောင်း၊ အမှတ်ပေးမှုအရ Andrew & Khin Saw Htay မှ အမှတ်အများဆုံးရဖြင့် အဆိုပါအဖွဲ့အား အင်တာဗျူး တွေ့ဆုံရာမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

(၂) ထို့နောက် Quasi-fiscal Expenditure Consultant ရွေးချယ်မှုနှင့်ပတ်သက်၍ အင်တာဗျူးတွင် ပါဝင်ဆွေးနွေး ပေးမည့်သူနှင့် အင်တာဗျူးရက်အား ဆွေးနွေးကြရာတွင် **"၇-၁၀-၂၀၂၀ ရက်နေ့တွင် အင်တာဗျူး ပြုလုပ်နိုင်ရေး ညှိနှိုင်း စီစဉ်ရန်၊ အစိုးရကဏ္ဍအတွက် ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံရေး ဦးစီးဌာန (OGPD) မှ အမည်စာရင်းအား ပြန်လည်အကြောင်း ပြန်ရန်၊ လုပ်ငန်းရှင်ကဏ္ဍအတွက် ဦးစိုးမော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်အသင်းချုပ်) မှ ပါဝင်ပေးရန် နှင့် အရပ်ဘက် ကဏ္ဍ အတွက် ဦးရဲလင်းမြင့် (MATA) မှ ပါဝင်ရန်၊ အင်တာဗျူးတွင်ပါဝင်မည့် အမည်စာရင်းနှင့် ရက် သိရပါက မေးမြန်းမည့် မေးခွန်းများအတွက် ကြိုတင်ညှိနှိုင်းရန်"** ဆုံးဖြတ်ခဲ့သည်။

(၃) USAID-TIGA မှ တာဝန်ရှိသူကဆွေးနွေးရာ၌ Systematic Disclosure Feasibility Study Consultant နှင့်စပ်လျဉ်း၍ Firm ဖြစ်ရမည်ဟု သတ်မှတ်ထားသဖြင့် USAID ၏ မူဝါဒအရ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း၊ အမေရိကန်တွင် မှတ်ပုံတင် ထားခြင်း ကုမ္ပဏီများ နှင့် အခြား အကျိုးဝင်သည့် နိုင်ငံများတွင် မှတ်ပုံတင်ထားသည့် နိုင်ငံ များဖြစ်ရမည်ဖြစ်ကြောင်း၊ ယခုလျှောက်ထားမှုအရ သတ်မှတ်ချက်များနှင့်မညီနေသဖြင့် ပြန်လည်ကြေညာရန် လိုအပ်မည် ဖြစ်ကြောင်း၊ အကယ်၍ လျှောက်ထားပြီးသားအဖွဲ့များကို ထည့်သွင်းစဉ်းစားမည် ဆိုပါက ၎င်းအဖွဲ့များ အနေဖြင့် သတ်မှတ်ချက်အညီဖြစ်စေရန်အတွက် ပြန်လည်အကြောင်းပြန်ရန် လိုအပ်မည်ဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

(၄) ထို့နောက် **“Systematic Disclosure Feasibility Consultant အတွက် ပထမအကြိမ် လျှောက်ထားလာသည့် အဖွဲ့များအား သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်ပုံစံများဖြင့် လျှောက်ထား နိုင်ရန် ဦးစားပေး၍ ပြန်လည်အကြောင်းကြားရန်၊ Systematic Disclosure Feasibility Consultant အတွက် REOI အား နစ်ပတ်အချိန်ယူ၍ ထပ်မံကြေညာရန်”** ဆုံးဖြတ်ခဲ့သည်။

**၆။ အထွေထွေဆွေးနွေးခြင်း**

(၁) Validation Group အစည်းအဝေးရက်နှင့်ပတ်သက်၍ ပြီးခဲ့သည့် (၃၂) ကြိမ်မြောက် MSG အစည်း အဝေးဆုံးဖြတ်ချက်အရ Validation နှင့်စပ်လျဉ်း၍ Corrective Action အချက် တစ်ချက်ခြင်းစီအလိုက် ဆောင်ရွက်ပြီးစီးမှုအနေအထားများအား ဆွေးနွေးနိုင်ရန်အတွက် အစည်းအဝေး ကျင်းပရန် လိုအပ်မည် ဖြစ်ကြောင်း၊ ပြီးခဲ့သည့်အပတ်တွင် ကျင်းပရန်လျာထားခဲ့သော်လည်း မကျင်းပနိုင်သည့် အတွက် ဖြစ်နိုင် သည့်ရက်အား ရွေးချယ်သတ်မှတ်ပေးရန် နည်းပညာညှိနှိုင်းရေးမှူးက ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်များက **“စတုတ္ထအကြိမ် Validation Group အစည်းအဝေးအား ၉-၁၀-၂၀၂၀ ရက်နေ့တွင် ညှိနှိုင်း ကျင်းပရန်”** ဆုံးဖြတ်ခဲ့သည်။

(၂) သတ္တုကဏ္ဍ အစိုးရကိုယ်စားလှယ်က ဆွေးနွေးရာ၌ (၆) ကြိမ်မြောက်၌ မီနီဘတ်ဂျက်အတွက် အစိုးရ၏ ဒေတာများအား ပေးထားပြီးဖြစ်သဖြင့် နောက်တစ်ကြိမ် (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်အတွက် ပြုစုသည့်အခါ အသေးစိတ်မပေးရဟု ထင်မြင်ကြောင်း၊ ထို့အပြင် ကုမ္ပဏီတွေကဘက်က ဘတ်ဂျက် ပြောင်းသည့်အခါ မပြောင်းလိုက်နိုင်သည့်အတွက် ဒေတာပေးနိုင်မှု အခြေအနေအား စိုးရိမ်ကြောင်း ကိုလည်း ဆွေးနွေးခဲ့သည်။

(၃) နည်းပညာညှိနှိုင်းရေးမှူးကလည်း ၆ ကြိမ်မြောက်နှင့် ၇ ကြိမ်မြောက်အတွက် အစီရင်ခံစာပြုစုရာတွင် ကုမ္ပဏီအချက်အလက်နှင့် summary data information များ ဖော်ပြရမည်ဖြစ်ကြောင်း၊ ဘုတ်အဖွဲ့ အစည်းအဝေးတွင်လည်း ဆွေးနွေးမည်ဖြစ်သဖြင့် အဆိုပါရလဒ်အပေါ် မူတည်နိုင်ကြောင်းလည်း ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်ကလည်း အဆိုပါအခြေအနေအား ရှင်းရှင်းလင်းလင်းဖြစ်စေချင် ကြောင်း၊ ဖြစ်နိုင်ပါက လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် ကျေကျေလည်လည်ဆွေးနွေးစေချင် ကြောင်းလည်း အကြံပြုခဲ့သည်။

(၄) ထို့ကြောင့် **"(၆) ကြိမ်မြောက် Summary Data Report ၊ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက် MEITIအစီရင်ခံစာ တို့အတွက်သက်ဆိုင်ရာ အစိုးရဌာနများနှင့်ပါဝင်မည့်ကုမ္ပဏီများမှ ဒေတာပေးရမည့် အခြေအနေအတိုင်းအတာများပိုမိုရှင်းလင်းစေရန်အတွက်နောက်တစ်ကြိမ် နည်းပညာ နှင့်အစီရင်ခံစာ အစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးရန်၊ EITI ဘုတ်အဖွဲ့အစည်းအဝေး ကျင်းပပြီးသည့် အောက်တိုဘာလ (၁၆) ရက်နေ့ နောက်ပိုင်းတွင် ညှိနှိုင်းကျင်းပရန်"** ဆုံးဖြတ်ခဲ့သည်။

# နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေး
# ဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက် Virtual Meeting

| စဉ် | ဆုံးဖြတ်ချက် | တာဝန်ရှိသူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | ပထမအကြိမ် Commodity Trading Report နှင့်စပ်လျဉ်း၍<br>• အစီရင်ခံစာပါ MOGE နှင့် Buyers များကြားချုပ် ဆိုထားသည့် Model Contract နှင့်ပတ်သက်၍ ရရှိသည့် ပုံစံအား IA ထံမှ ပြန်လည်တောင်းခံရန် နှင့် အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ထည့်သွင်းဖော်ပြရန် | NCS၊ MOBD ၊ IA | |
| ၂ | ပထမအကြိမ် Commodity Trading Report ထုတ်ပြန်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆွေးနွေးဆုံးဖြတ်ခဲ့သည် -<br>• အစိုးရကဏ္ဍအနေဖြင့် သက်ဆိုင်ရာ IA နှင့် Stakeholder များ အကြားဆွေးနွေးပြီးမှသာ ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊<br>• အရပ်ဘက်ကဏ္ဍအနေဖြင့် Pre-final Version အပေါ် ပြင်ဆင်ရမည့် ပေးပို့ထားသည့် မှတ်ချက်များအား မည်သည့် အတိုင်းအတာအထိ ဖြေရှင်းထားသည့်အခြေအနေအပေါ် မူတည်၍ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊<br>• လုပ်ငန်းရှင်ကဏ္ဍမှ TOTAL E&P Myanmar အနေဖြင့် ကုမ္ပဏီအတွင်း ဆွေးနွေးပြီးမှသာ အကြောင်းပြန်မည်ဖြစ် ကြောင်း၊ | Technical and Reporting Sub-committee | |
| ၃ | Quasi-fiscal Expenditure Consultant ရွေးချယ်မှုနှင့်ပတ်သက်၍ အင်တာဗျူးတွင် ပါဝင်ဆွေးနွေးပေးမည့်သူနှင့် အင်တာဗျူးရက်အား ဆွေးနွေးကြရာတွင် -<br>• ၇-၁၀-၂၀၂၀ ရက်နေ့တွင် အင်တာဗျူးပြုလုပ်နိုင်ရေး ညှိနှိုင်း စီစဉ်ရန်<br>• အစိုးရကဏ္ဍအတွက် ရေနံနှင့်သဘာဝဓါတ်ငွေ့စီမံရေး ဦးစီး ဌာန (OGPD) မှ အမည်စာရင်းအား ပြန်လည်အကြောင်း ပြန်ရန် | သက်ဆိုင်ရာ တာဝန်ရှိသူများ | |

| | | | |
|---|---|---|---|
| | • လုပ်ငန်းရှင်ကဏ္ဍအတွက် ဦးစိုးမော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်အသင်းချုပ်) မှ ပါဝင်ပေးရန်<br>• အရပ်ဘက်ကဏ္ဍအတွက် ဦးရဲလင်းမြင့် (MATA) မှ ပါဝင်ရန်<br><br>အင်တာဗျူးတွင်ပါဝင်မည့် အမည်စာရင်းနှင့် ရက် သိရပါက မေးမြန်းမည့် မေးခွန်းများအတွက် ကြိုတင်ညှိနှိုင်းရန် | | |
| ၄ | Systematic Disclosure Feasibility Consultant အတွက် ပထမအကြိမ် လျှောက်ထားလာသည့်အဖွဲ့များအား သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်ပုံစံများဖြင့် လျှောက်ထားနိုင်ရန် ဦးစားပေး၍ ပြန်လည်အကြောင်းကြားရန်<br>• Systematic Disclosure Feasibility Consultant အတွက် REOI အား နှစ်ပတ်အချိန်ယူ၍ ထပ်မံကြေညာရန် | NCS ၊ MOBD | |
| ၅ | စတုတ္ထအကြိမ် Validation Group အစည်းအဝေးအား ၉-၁၀-၂၀၂၀ ရက်နေ့တွင် ညှိနှိုင်း ကျင်းပရန် | NCS ၊ MOBD | ၉-၁၀-၂၀၂၀ |
| ၆ | (၆) ကြိမ်မြောက် Summary Data Report ၊ (၆) ကြိမ်မြောက်နှင့် (၇) ကြိမ်မြောက်MEITIအစီရင်ခံစာတို့အတွက်သက်ဆိုင်ရာ အစိုးရဌာနများနှင့်ပါဝင်မည့်ကုမ္ပဏီများမှဒေတာပေးရမည့်အခြေ အနေအတိုင်းအတာများပိုမိုရှင်းလင်းစေရန်အတွက်နောက်တစ်ကြိမ် နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင် အသေးစိတ် ဆွေးနွေးရန်<br>• EITI ဘုတ်အဖွဲ့အစည်းအဝေးကျင်းပပြီးသည့် အောက်တိုဘာလ (၁၆) ရက်နေ့ နောက်ပိုင်းတွင် ညှိနှိုင်းကျင်းပရန် | NCS ၊ MOBD ၊ Technical and Reporting Sub-committee | |

**နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း (ကျား - ၁၉ ဦး၊ မ - ၁၆ ဦး၊ စုစုပေါင်း - ၃၅ ဦး)**

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **အစိုးရကဏ္ဍ** | | | |
| ၁ | ဦးကျော်သက် | DDG | DOM |
| ၂ | ဦးခင်မောင်ကြည် | AGM | MTE |
| ၃ | ဦးသက်ခိုင် | GM | MGE |
| **လုပ်ငန်းရှင်ကဏ္ဍ** | | | |
| ၄ | ဦးစိုးမော် | Chair | MFPTMA |
| ၅ | ဦးသန့်ဇင်ဦး | EC | MFMA |
| ၆ | ဒေါ်မေသက်စုဦး | PSC & Partner Reporting Supervisor | TOTAL E&P Myanmar |
| **အရပ်ဘက်ကဏ္ဍ** | | | |
| ၇ | ဦးသန့်ဇင် | Member | MATA |
| ၈ | ဦးဘုန်းပြည့်ကြွယ် | PC | MATA |
| **ဖိတ်ကြားထားသည့် ဌာနများ** | | | |
| ၉ | ဦးကျော်ဇောထွန်း | AD | DOM |
| ၁၀ | ဒေါ်ကြူကြူဝင်း | AGM | MGE |
| ၁၁ | ဦးရွှေဝင်း | AGM | MGE |
| ၁၂ | ဦးဝင်းအောင်ညို | Director | IRD |
| ၁၃ | ဦးရဲမျိုးမင်း | AGM | ME2 |
| ၁၄ | ဒေါ်မိမိကျော့ | Manager | ME1 |
| ၁၅ | ဦးမင်းအောင် | | MPE |
| ၁၆ | ဒေါ်ပန်ပပလင်း | Manager | MPE |
| ၁၇ | ဒေါ်မြင့်မြင့်ခိုင် | Manager | MOGE |
| ၁၈ | ဦးဇော်ဇော် | AD | MCD |
| ၁၉ | ဒေါ်ဝင်းဝင်းကြူ | AGM | MGE |
| **ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (MOBD)** | | | |
| ၂၀ | ဒေါ်ခင်ခင်လွင် | ညွှန်ကြားရေးမှူး | MOBD |
| ၂၁ | ဦးဇော်ဟိန်းထွန်း | ဒုတိယညွှန်ကြားရေးမှူး | MOBD |

| | | | |
|---|---|---|---|
| ၂၂ | ဒေါ်မြမြင့်သန်း | လက်ထောက်ညွှန်ကြားရေးမှူး | MOBD |
| ၂၃ | ဒေါ်နန်းခင်မြင့်စိုး | လက်ထောက်ညွှန်ကြားရေးမှူး | MOBD |
| ၂၄ | ဒေါ်ဇာခြည်သန့်သန့်ဝင်း | ဦးစီးအရာရှိ | MOBD |
| ၂၅ | ဒေါ်သန္တာထွန်း | ဦးစီးအရာရှိ | MOBD |
| ၂၆ | ဦးနေထွန်းလင်း | ဦးစီးအရာရှိ | MOBD |
| ၂၇ | ဒေါ်ခင်ပပလွင် | စိစစ်ရေးမှူး-၂ | MOBD |
| **ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ** | | | |
| ၂၈ | ဒေါ်တာရာမောင် | Natural Resource Governance Lead | USAID-TIGA |
| ၂၉ | ဒေါ်နော်ရှီးအိအိထွန်း | Deputy Chief of Party | USAID-TIGA |
| ၃၀ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| ၃၁ | ဒေါ်ခင်စောငွေး | Policy Analyst | Forest Trends |
| **MEITI-NCS** | | | |
| ၃၂ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၃၃ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၃၄ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၃၅ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |